
Lte
intel
CORE i7
amazon cloud drive
mspot
ZITE
INTELLIGENT MAGAZINE
Pr
box
CRASHPLAN
gogo
8GB
+Wi-Fi





# ၂၀၁၁ ခုနှစ်ရဲ့ အကောင်းဆုံးထုတ်ကုန် ၁၀၀

*PCWorld* ရဲ့ ပညာရှင်တွေက ရွေးချယ်ထားတဲ့ ဒီနှစ်ရဲ့ ထူးခြားတဲ့ hardware ၊ software နဲ့ service တွေကို စာဖတ်ပရိသတ်တွေ အတွက် တင်ပြပေးလိုက်ပါတယ်။ »






## ❶ Verizon LTE

၂၀၁၁ ရဲ့ ဆွဲဆောင်မှုရှိနေတဲ့ smartphone တွေ၊ tablet တွေ၊ netbook တွေနဲ့ portable hotspot device တွေကို နောက်ချန်ထားခဲ့ပြီး ဒီနှစ်ရဲ့ ထိပ်ဆုံးကထုတ်ကုန်ကတော့ high-speed wireless backbone ပဲ ဖြစ်ပါတယ်။ Verizon ရဲ့ LTE wireless service ဟာ wired broadband connection မှာ တပ်ထားတဲ့ အလား ချိတ်ဆက်ထားတဲ့ device တွေမှာ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ပါတယ်။ ဒီ service ဟာ carrier-versus-carrier 4G wireless speed test မှာ ပြိုင်ဘက်တွေကို ဖယ်ထုတ်နိုင်ခဲ့ပါတယ်။ Download time မှာ ပြိုင်ဘက်တွေထက် ၃ ဆလောက် ပိုမြန်ပါတယ်။ Upload time ကတော့ ၅ ဆလောက် ပိုမြန်တာ တွေ့ရပါတယ်။ ဟောင်းပြီး ပိုနှေးတဲ့ 3G နည်းပညာကို 4G အဖြစ် rebrand လုပ်မယ့်အစား Verizon ကတော့ LTE နဲ့ ပတ်သက်ပြီး credit ရထိုက်ပါတယ်။

## ❷ Apple MacBook Air

Apple ရဲ့ Core i5-based ၊ solid-but-slim laptop ဟာ ultimate ultraportable ဆီ ချဉ်းကပ်လာပါပြီ။ အရင်မျိုးဆက်တွေနဲ့ နှိုင်းယှဉ်ရာမှာ သိသာတဲ့စွမ်းဆောင်ရည်ရှိပြီး တိုးတက်မှုတွေကြောင့် ကျေးဇူးတင်ရမှာပါ။ ပထမမျိုးဆက် Air ထက် ဈေးနှုန်းလည်း ပိုပြီးသက်သာတာ တွေ့ရပါတယ်။

## ❸ Intel Sandy Bridge CPU Family

Intel ရဲ့ ဒုတိယမျိုးဆက် Core i3 ၊ i5 နဲ့ i7 CPU တွေဟာ အရင်မျိုးဆက်တွေနဲ့ လုံးဝမတူတဲ့ architecture ကို သုံးထားပါတယ်။ Power နဲ့ ပိုကောင်းတဲ့ energy တွေနဲ့အတူ ဒီ chip အသစ်တွေဟာ တိုးတက်ကောင်းမွန်တဲ့ graphic ပိုင်း စွမ်းဆောင်ရည်တွေ ပေးထားပါတယ်။

## ❹ Samsung Galaxy S II Series

Sprint Epic Touch 4G ၊ AT&T Galaxy S II ၊ T-Mobile Galaxy S II စတဲ့ နာမည်ပေါင်းများစွာပေးထားတဲ့ ဒီ Android phone ဟာ mobile media တွေကို ထိန်းချုပ်ဖို့ အထူး ပြုလုပ်ထားပါတယ်။ AMOLED display ၊ 4G speed နဲ့ အကောင်းဆုံး camera တွေ ပါဝင်လာပါတယ်။

## ❺ Microsoft Kinect

Xbox 360 အတွက် motion-control ပစ္စည်းလေးဟာ gaming ထက် ပိုပြီးအလုပ်လုပ်ပါတယ်။ Kinect ဟာ hacker set တွေနဲ့ဖြစ်လာပြီး မမြင်ရတဲ့ custom output ကနေ မြင်ရတဲ့ ပုံစံအဖြစ် custom output အမျိုးမျိုး ရှိပါတယ်။

## ❻ Apple iPad 2

ဘာကြောင့်များ tablet တွေအတွက် gold standard က နေးရပါသလဲ။ iPad2 က ကောင်းမွန်တဲ့ စွမ်းဆောင်ရည်၊ camera တွေနဲ့ ပေါ့ပါးတဲ့ကိုယ်ထည် ရှိပါတယ်။ ဒါပေမဲ့ Apple က ယင်းရဲ့ ဈေးကွက်အခြေအနေမှာ အခိုင်အမာရဖို့ အခွင့်အရေးတစ်ခု လွတ်သွားခဲ့ပါတယ်။ နှစ်ဆုံးတဲ့အခါမှာတော့ ဒီ hardware ဟာ ပြိုင်ဘက်တွေရဲ့နောက်မှာ နောက်ကျ နေပုံပါပဲ။

## ❼ Windows Phone 7 Mango

Mango ဟာ Microsoft ရဲ့အခန်းကဏ္ဍကို mobile operating system ပိုင်းမှာ ပြောင်းလဲဖို့ ရည်ရွယ်ထားပါတယ်။ Windows Phone 7 OS ရဲ့ ပုံစံမျိုးရယူပြီး feature အသစ်တွေ ထပ်ထည့်တာနဲ့ ဖြစ်ပါတယ်။

## ❽ HP ePrint

Phone နဲ့ tablet တွေ အခုအချိန်မှာ အရေးပါတဲ့ tool တွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီ device တွေကနေ print ထုတ်တာဟာလည်း လိုအပ်ပါတယ်။ HP ရဲ့ ePrint service ဟာ mobile device ကနေ email ကတစ်ဆင့် job တွေ ပို့ဖို့ ခွင့်ပြုထားပါတယ်။ Google Cloud Print နဲ့တော့ မတူပါဘူး။

## ❾ Sony Alpha SLT-A77

A77 ဟာ ဒီနှစ်ရဲ့ camera of year ဖြစ်ပါတယ်။ Sony

ရဲ့ flagship translucent-mirror camera မှာ shooting speed တွေနဲ့ အရင်ကမမြင်ဖူးတဲ့ video option တွေ ပါဝင်ပါတယ်။ 24.3 megapixel resolution မှာ 12 fps ၊ 60 fps မှာ 1080p video နဲ့ သုံးရတာကောင်းမွန်ပြီး shooting mode တွေလည်း ပါဝင်ပါတယ်။

## 10 Samsung Series 9

အလွန်ပါးလွှာပြီး solidly built Samsung Series 9 ဟာ Windows based ultraportable PC အတွက် ရွေးချယ်စရာ ဖြစ်ပါတယ်။ Base configuration အတွက် ဒေါ်လာ ၁၆၀၀ နဲ့ Series 9 မှာ MacBook Air ကို ယှဉ်ပြိုင်နိုင်တဲ့ အသွင်အပြင် လုပ်ဆောင်ချက်တွေ ပါရှိပါတယ်။

## 11 Google+

Facebook ကို ပေါင် ၈၀၀ ရှိတဲ့ gorilla နဲ့ နှိုင်းယှဉ်ချင်တယ်ဆိုရင်တော့ google လို့ အမည်တွင်တဲ့ ပေါင် ၈၀၀ gorilla ဖြစ်ဖို့တော့ ကူညီနိုင်ပါတယ်။ ဒီ social networking series ဟာ privacy control ၊ google service နဲ့ deep integration တွေရှိပြီး ရှုပ်ထွေးမှုမရှိတဲ့ interface နဲ့ superior mobile app လည်း ဖြစ်ပါတယ်။

## 12 Canon EOS Rebel T3i

Rebel T3i ဟာ digital SLR ရဲ့ ထိပ်ဆုံးမှာရှိနေပါတယ်။ *PCWorld* lab image test တွေမှာ အမှတ်တွေ အကောင်းဆုံး ရထားပါတယ်။ Video တွေ ကောင်းကောင်းရိုက်နိုင်ပြီး ဈေးနှုန်းကလည်း ဒေါ်လာ ၁,၀၀၀ အောက်မှာပဲ ရှိပါတယ်။

## 13 AMD Radeon HD 6990

Gaming လုပ်ဖို့ no-holds-barred graphical power လိုအပ်တယ်ဆိုရင် dual-GPU ဖြစ်တဲ့ AMD Radeon HD 6990 ကလွဲပြီး ရှိမှာမဟုတ်ပါဘူး။ *PCWorld* labs speed test တွေမှာ အမြန်ဆုံး graphic board တွေထဲကတစ်ခု ဖြစ်ပါတယ်။ ဈေးနှုန်း ဒေါ်လာ ၇၀၀ ရှိပါတယ်။

## 14 LG Infinia 47LW6500 LED

ဒေါ်လာ ၁,၄၀၀ ထက် နည်းပါတယ်။ ဒီ ၄၇ လက်မ၊ LED backlit TV ဟာ ယင်းရဲ့ passive-glasses 3D ၊ အကောင်းဆုံးသောပုံအရည်အသွေး၊ streaming video ပေါင်းစပ်ပါဝင်မှုနဲ့ picture-calibration wizard တွေကြောင့် အမှတ်တွေ အများကြီး ရထားပါတယ်။

## 15 Spotify

ဒီ music streaming service လေးဟာ Pandora နဲ့ Rdio ပါဝင်တဲ့နေရာမှာ စိတ်အကြိုက်ဆုံး ဖြစ်ပါတယ်။ လိုချင်တဲ့ အချိန်မှာ လိုချင်တဲ့သီချင်းကို stream လုပ်ပေးခြင်းအားဖြင့် ထိပ်တန်းရောက်စေပါတယ်။ ယင်းရဲ့ music database ဟာ up-to-date ဖြစ်ပြီး robust လည်း ဖြစ်ပါတယ်။

## 16 MakerBot Thing-O-Matic 3D Printer

ယင်းရဲ့ ဈေးနှုန်း၊ အစိတ်အပိုင်း၊ ဒီဇိုင်းလိုအပ်ချက်တွေဟာ user တွေနဲ့ ကိုက်ညီစေနိုင်ပါတယ်။ ဒါပေမဲ့ Thing-O-Matic ဟာ ဒီစာရင်းထဲက တခြား ၉၉ ခုကို print ထုတ်ပေးနိုင်တဲ့ တစ်ခုတည်းသော product ဖြစ်ပါတယ်။ အသုံးပြုရလွယ်ကူမှုတွေ တိုးတက်လာမယ်ဆိုရင် Top 5 အတွင်း ရောက်လာနိုင်ပါတယ်။

## 17 Sony S Tablet

ဒီ tablet ဟာ iPad ကိုယှဉ်တဲ့ ပထမဆုံးသော Android device ဖြစ်ပါတယ်။ Cookie-cutter clone မဖြစ်တဲ့အတွက် S Tablet ကို bonus အမှတ်တွေ ပေးထားပါတယ်။

## 18 Origin Genesis Z68

ဒေါ်လာ ၂,၅၀၀ လောက်ပဲ ရှိပါတယ်။ ဒီ desktop PC ဟာ ပြိုင်ပွဲမှာ mainstream desktop အတွက် အမြင့်ဆုံး WorkdBench 6 ရမှတ် ရထားပါတယ်။ Core i5 CPU(overclock 5.2 GHz) ၊ 16GB RAM ၊ Nvidia GeForce GTX 560 Ti video card ၂ ခုနဲ့ storage က 1TB ကျော် ပါဝင်ပါတယ်။

## 19 Internet Explorer 9

IE ရဲ့ နောက်ဆုံး version ဖြစ်ပြီး လုပမြန်ဆန်ပါတယ်။ Malware တွေကို ဆန့်ကျင်နိုင်ပြီး ကောင်းမွန်တဲ့ security စနစ်တွေ ပါရှိပါတယ်။ HTML5 friendly ဖြစ်ပြီး GPU-enhanced graphic performance တွေ ပေးထားပါတယ်။ Chrome နဲ့ Opera တို့ကို ကောင်းကောင်းယှဉ်ပြိုင်နိုင်တဲ့ browser ပါပဲ။




## 20 Amazon Kindle Fire

Android-based ၇ လက်မရှိတဲ့ Kindle Fire ဟာ Amazon ရဲ့ extensive online service နဲ့ ချိတ်ဆက်ထားတဲ့ media-consumption device ဖြစ်ပါတယ်။ Tablet ရဲ့ စိတ်ဝင်စားစရာ feature က (sub) ဒေါ်လာ ၂၀၀ ဈေးနှုန်း ဖြစ်နိုင်ပါတယ်။

## 21 Google Wallet/NFC

Hassle-free phone-based ငွေချေမှုအတွက် near field communication (NFC) ကို သုံးထားပါတယ်။ Google Wallet ဟာ စိတ်ဝင်စားစရာအကောင်းဆုံး NFC payment စနစ်တစ်ခု ပါပဲ။

## 22 T-Mobile My Touch 4G Slide

Keyboard တပ်ဆင်ထားတဲ့ camera phone ဖြစ်ပြီး လုပ်ငန်းပိုင်းမှာ အကောင်းဆုံး ဖြစ်ပါတယ်။ ပုံအရည်အသွေး ကောင်းမွန် ပြီး motion controlled panorama mode ၊ low-light-optimized sensor ပါဝင်ပြီး တချို့ stard-alone camera တွေနဲ့ ယှဉ်ပြိုင် နိုင်တဲ့ feature တွေလည်း ပါဝင်ပါတယ်။

## 23 Barnes & Noble Nook Color

ဒီ color touchscreen e-reader ဟာ ကြည်လင်ပြတ်သားတဲ့ text နဲ့ ပုံတွေကို ပေါင်းစပ်ထားပါတယ်။ Android install လုပ်ထားတဲ့ Nook Color ဟာ dual-boot e-reader အဖြစ် အလုပ်လုပ်ပေးနိုင်ပြီး battery life လည်း ကောင်းမွန်ပါတယ်။

## 24 Samsung UN46D8000 LED

အကောင်းဆုံးပုံအရည်အသွေးနဲ့ ပါးလွှာပြီး active shutter 3D playback ပါဝင်ပါတယ်။ Hulu Plus ၊ Netflix နဲ့ တခြား digital content တွေကို Smart TV Hub ကတစ်ဆင့် stream လုပ်နိုင်ပါတယ်။ ၄၆ လက်မရှိတဲ့ LED-backlit HDTV ဟာ စွမ်းဆောင်ရည်ကောင်းပါတယ်။

## 25 Novatel MiFi 4510L for Verizon LTE

Verizon 4G LTE mobile hotspots ရဲ့ head-to-head test တွေမှာ Novatel ရဲ့ MiFi ကို အသုံးပြုရအလွယ်ဆုံး အဖြစ် တွေ့ရပါတယ်။ Interface ကောင်းမွန်ပြီး device ၅ ခု ချိတ်ဆက်လို့ရအောင် လုပ်ပေးထားပါတယ်။

## 26 Canon Powershot G12

Manual control တွေ၊ အကောင်းဆုံး still image နဲ့ video အရည်အသွေး၊ ချိန်ညှိလို့ရတဲ့ LED screen ၊ solidly built ကိုယ်ထည်တွေဟာ powershot G12 ကို ဒီနှစ်ရဲ့ အကောင်းဆုံး fixed-lens camera ဖြစ်သွားစေပါတယ်။

## 27 Microsoft Office 365

Online office suite တွေရဲ့ အကောင်းဆုံး font and formatting option တွေနဲ့ desktop installed editions of office နဲ့ file compatiblity ဖြစ်မှု၊ Word ၊ Excel ၊ PowerPoint နဲ့ Outlook တို့ရဲ့ online version တွေပါဝင်ပြီး လက်ရှိအချိန်မှာ cloud-based product suite ရဲ့ ထိပ်ဆုံးမှာ ရှိပါတယ်။

## 28 Dell XPS 15Z

Dell ရဲ့ တောက်ပခံ့ညားမှုတွေဟာ Apple ရဲ့ MacBook Pro ကလာတာ ဖြစ်ပါတယ်။ Base configuration တွေ အတွက် ဒေါ်လာ ၁,၀၀၀ ရှိပြီး ပိုပြီးတတ်နိုင်တဲ့ဈေးနှုန်းနဲ့ ဆိုရင်တော့ ပိုကောင်းတဲ့ စွမ်းဆောင်မှုနဲ့ hardware ပိုင်းကို

ရရှိမှာ ဖြစ်ပါတယ်။

## 29 HP Topshot Laser Jet Pro M275

ဘယ် scanner မဆို paper image ကို ဖတ်ယူပေးနိုင်ပါတယ်။ ဒါပေမဲ့ paper မဟုတ်တာတွေကိုဆိုရင် ဘယ်လိုလုပ်ရပါ့မလဲ။ ဒီ color laser MFP ကတော့ Topshot ဆိုတဲ့ ချိန်ညှိလို့ရတဲ့ မောင်းတံပါဝင်တဲ့ camera (3D object တွေ ရိုက်ယူဖို့) သုံးထားပါတယ်။




## 30 HTC Evo 3D

3D display ပိုင်းအတွက် Android phone ဖြစ်ပါတယ်။ ယင်းရဲ့ 4G data speed ၊ ခံ့ညားတဲ့ design နဲ့ ducal-core processor ဟာ ၂၀၁၁ ရဲ့ Sprint phone မှာ ထိပ်ဆုံးရောက်သွားစေပါတယ်။ 3D မသုံးချင်ရင် 3D effect တွေကို ပိတ်ထားလိုက်ရုံပါပဲ။

## 31 Google Maps for Android

အကောင်းဆုံး mobile app အနေနဲ့ Google maps ကို ရွေးချယ်ပါတယ်။ Turn-by-turn direction ၊ လုပ်ငန်းတွေအားလုံးအတွက် integrated reviews နဲ့ လိုအပ်တဲ့အခါသုံးဖို့ up-to-date map တွေ ပါဝင်ပါတယ်။

## 32 Asus Eee Pad Slider

Laptop နဲ့ tablet ကြားမှာ ဆုံးဖြတ်ရခက်နေတယ်ဆိုရင်တော့ Asus Eee Pad Slider ကို ရွေးချယ်လိုက်ရင် ကောင်းပါလိမ့်မယ်။ Thicker-than-most ဆိုတဲ့ ဒီ slate ဟာ slide-out QWERTY keyboard ပါဝင်ပြီး productivity oriented tablet ဖြစ်စေတဲ့ built-in USB 2.0 port ပါဝင်ပါတယ်။

## 33 Panasonic Lumix GH2

GH2 က touch screen camera ဖြစ်ပါတယ်။ Still camera အတွက် အံ့သြစရာ video capability တွေ ရှိပါတယ်။ Touch-to-focus control တွေသုံးနိုင်ပြီး manual video mode လည်း ပါဝင်ပါတယ်။ ၂၀၁၁ ခုနှစ်ရဲ့ တွေ့ဖူးသမျှတွေထဲမှာ video အတွက် အကောင်းဆုံး interchageable-lens camera ဖြစ်ပါတယ်။

## 34 Samsung Galaxy Tab 10.1

Apple က ကိုယ့် tablet ရဲ့ sales ကို ပိတ်လိုက်မယ်ဆိုရင် တစ်ခုခုမှာတော့ ရှိနေရပါမယ်။ Galaxy Tab 10.1 ဟာ ကြီးမားတဲ့ screen အတွက် mobile OS ရဲ့ အလားအလာကောင်းတွေ ပြသထားတဲ့ ပထမဆုံး Android tablet ဖြစ်ခဲ့ပါတယ်။

## 35 Sony Handycam NEX-VG20

Sony ရဲ့ interchargeable-lens camcorder အသစ်ဟာ အရင်နှစ်က VG10 ထက် spec တွေ ပိုကောင်းလာပါတယ်။ ဆက်တိုက်ရတဲ့ phase-detection autofocus အတွက်လည်း translucent-mirror lens adapter နဲ့လည်း ကိုက်ညီပါတယ်။

## 36 Seagate GoFlex Desk 4TB

အချိန်ကြာကြာ bit တွေ၊ byte တွေကို သိမ်းထားနိုင်ဖို့ hard drive တစ်လုံးကို ဒေါ်လာ ၂၅၀ နဲ့ ရပါပြီ။ ဒီ USB 3.0 device ဟာ 4TB storage ပေးထားတဲ့ ပထမဆုံး device ဖြစ်ပါတယ်။

## 37 Sony Bravia 46HX820

၄၆ လက်မ Sony LED မှာ 2D ၊ 3D ကိုကြည့်ရတာ

အဆင်မပြေဆုံးဖြစ်တာကတော့ screen အကြာကြီးစိုက်ကြည့်နေမိအောင် ဆွဲဆောင်ထားတာပဲ ဖြစ်ပါတယ်။ သူမှာ ကောင်းမွန်တဲ့ ပုံအရည်အသွေးတွေရှိတဲ့အပြင် အကောင်းဆုံး design set လည်း ဖြစ်ပါတယ်။

## 38 Sony Alpha NEX-7

မျက်လုံးနဲ့ တစ်တန်းတည်းဖြစ်စေမယ့် OLED viewfinder၊ 24.3 megapixel ရှိတဲ့ APS-C size sensor ၊ solid video capability နဲ့ top-mounted dial ပါတဲ့ manual navigation system စတာတွေနဲ့ NEX-7 ဟာ Sony ရဲ့ NEX interchangeable-lens အမျိုးအစားတွေထဲက တစ်ခုဖြစ်ပါတယ်။

## 39 Motorola Droid Bionic for Verizon

Droid Bionic ဟာ Motorola ရဲ့ Atrix မှာ ပါဝင်ပါတယ်။ 4G speed ၊ dual-core processor နဲ့ Atrix-like laptop clock ၊ HDMI powered "HD Station" ၊ in-car GPS mount စတဲ့ custom accessory တွေ ပါဝင်ပါတယ်။

## 40 Turntable.fm

ဒီနှစ်မှာ ဘယ် music service က Turntable.fm လောက် စိတ်ကျေနပ်မှု မပေးနိုင်ပါဘူး။ Room တွေ ဖန်တီးနိုင်ပြီး သူငယ်ချင်းတွေ ဖိတ်ခေါ်လို့ရပါတယ်။ Chat လုပ်နေစဉ်မှာလည်း DJing ကို ဖွင့်ထားလို့ရပါတယ်။ ကိုယ်ပိုင် music တွေ upload တင်နိုင်ပြီး Turntable.fm ရဲ့ သီချင်း database ကနေလည်း ရွေးချယ်နိုင်ပါတယ်။

## 41 Amazon Cloud Drive & Cloud Player

Amazon ရဲ့ Cloud Drive ဟာ mobile device တွေမှာ storage တွေ တော်တော်များများကို free ပေးထားပါတယ်။ Sign-up လုပ်တာနဲ့ 5GB space သာရနိုင်ပြီး Amazon music ပေါ်က album တစ်ခုဝယ်ဆိုရင်တော့ 20GB အထိ ရနိုင်ပါတယ်။ ပိုကောင်းတာက Amazon မှာ ဝယ်ထားတာတွေ သိမ်းထားဖို့ဆိုရင် ကိုယ့်ရဲ့ storage space မှာ ထည့်တွက်မှာ မဟုတ်တာပါပဲ။

## 42 Seagate GoFlex Satellite

500 GB ရှိတဲ့ wireless Seagate GoFlex Satellite ဟာ ကိုယ့်ရဲ့ music နဲ့ video file တွေအားလုံးကို ထည့်ထားနိုင်တဲ့အတွက်ကြောင့် cable မလိုဘဲ access လုပ်နိုင်ပါပြီ။ ဒါပေမဲ့ mobile app ဟာ ကိုယ့် device ကနေ file တွေ access လုပ်နိုင်ဖို့ ကတော့ လိုအပ်ပါတယ်။

## 43 Lenovo ThinkPad X1

ThinkPad X1 ကတော့ ultraportable ဖြစ်ပါတယ်။ ဒါပေမဲ့ MacBook Air တို့၊ Samsung Series 9 တို့လိုတော့ မဟုတ်ပါဘူး။ ယင်းရဲ့ durability နဲ့ performance တွေ ပေါင်းစပ်မှုက စီးပွားရေးကိစ္စနဲ့ ခရီးသွားတွေအတွက် ဒီနှစ်ရဲ့ ရွေးချယ်စရာဖြစ်စေပါတယ်။

## 44 Sony VAIO SB Series

ဒီနှစ်မှာ စမ်းသပ်ထားတဲ့ စွမ်းဆောင်ရည်အပြည့်အဝဆုံး thin-and-light laptop ဟာ ဒေါ်လာ ၂,၅၀၀ ရှိတဲ့ Sony ရဲ့ VAIO SB ပဲ ဖြစ်ပါတယ်။ 2.7 GHz dual-core Core i7 laptop ဟာ WorldBench 6 test မှာ အရွယ်အစားတူတဲ့ ပြိုင်ဘက်တွေကို အနိုင်ယူလိုက်ပါတယ်။ 8GB RAM နဲ့ 256 GB solid-state drive ဖြစ်ပါတယ်။ Battery life လည်း ကောင်းမွန်ပါသေးတယ်။

## 45 Webroot Secure-Anywhere Antivirus

"Cloud" security က ခေတ်စားပေမယ့် Webroot Secure-Anywhere ဟာ signature update တွေမှာ မမှီခိုပါဘူး။ ကိုယ့် system တွေအားလုံးမှာ security ပိုင်းကို manage လုပ်စေတဲ့ web portal ပါဝင်ပါတယ်။ Complete package မှာ iOS နဲ့ Android အတွက် Webroot ရဲ့ security app ပါဝင်ပါတယ်။

## 46 Intel 510 SSD

Intel ရဲ့ 510 SSD series ဟာ solid-state drive test တွေမှာ စွမ်းဆောင်မှုအကောင်းဆုံး ဖြစ်ပါတယ်။ 250GB capacity ရှိပြီး ဒေါ်လာ ၅၈၀ ရှိတဲ့ ဒီ unit ဟာ သင့်တင့်တဲ့ ဈေးနှုန်းမှာ first-rate SSD speed ကို ထည့်ထားပါတယ်။ အရင်တုန်းက SSD storage 250GB က နောက်ထပ် ဒေါ်လာ ၂၀၀ ကုန်ကျပါလိမ့်မယ်။

## 47 Adobe Premiere Elements 10

Video-editing suite တွေမှာ ဘုရင်တစ်ဆူဖြစ်တဲ့ Pre-



## 47

mier Elements 10 (ဒေါ်လာ ၁၀၀) မှာ color correction ၊ keyframing နဲ့ 64-bit system compatability တို့ရှိပါတယ်။

## 48 HTC ThunderBolt

ဒီ smartphone ဟာ 4G ကို မိတ်ဆက်လိုက်တာ ဖြစ်ပါတယ်။ ယင်းရဲ့ တခြား spces တွေက သိပ်ပြီး သပ်သပ်ရပ်ရပ် မရှိပါဘူး။ အနောက်ဘက်မှာ 8 megapixel camera ပါဝင်ပြီး ကြီးမားတဲ့ ၄.၃ လက်မ display နဲ့ solid build ဖြစ်ပါတယ်။

## 49 AMD Bulldozer

AMD က သင့်တော်တဲ့ဈေးနှုန်းနဲ့ မြန်ဆန်တဲ့စွမ်းဆောင်ချက်တွေပေမယ့် processor တစ်လုံးကို gamer တွေအတွက် ပေးမယ်လို့ ကတိပြုထားပါတယ်။ ဒါတွေ Bulldozer မှာ ပါလာပါပြီ။ Eye-opening eight-core processor နဲ့ overclocking potential ပါဝင်တဲ့ CPU line ဖြစ်ပါတယ်။

## 50 Sony Handycam TD10

3D video တွေဟာ အဓိကကျတဲ့အချိန်ကိုရောက်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ဒါပေမဲ့ TD10 ဟာ 3D video capture ပိုင်းမှာတော့ ချွန်ထွက်လာပါတယ်။

Twin-lens ၊ dual-1080p-shooting 3D camcorder ဟာ ရိုက်နေစဉ်အတွင်းမှာ 3D effect တွေ adjust လုပ်နိုင်တဲ့ manual parallax control တွေ ပါဝင်ပါတယ်။

## 51 Qnap TS-259 Pro+

အမြန်နှုန်းနဲ့ ပတ်သက်ပြီး လိုချင်တယ်ဆိုရင် 83 mbps နဲ့ data တွေရေးနိုင်ပြီး gigabit network ပေါ်မှာ 65 mbps နဲ့ data ဖတ်နိုင် တဲ့ twobay NAS enclosure တော့ ရှိပါတယ်။ ဒေါ်လာ ၆၀၀ နဲ့ data management အလုပ်တွေအတွက် အကောင်းဆုံး Qnap OS ကိုရပါလိမ့်မယ်။

## 52 Lenovo ThinkPad X220

Lenovo ရဲ့ laptop တွေဟာ ThinkPad user တွေ နှစ်သက်တဲ့ အမျိုးအစားကိုပဲ အတိအကျ ထုတ်ပေးပါတယ်။ အကောင်းဆုံး keyboard နဲ့ touchpad ၊ durable-but-light body ၊ လုပ်ဆောင်ချက် ၂၃ နာရီထိ expand လုပ်နိုင်တဲ့ battery life စတာတွေအားလုံး ultraportable package မှာ ပါဝင်ပါတယ်။

## 53 mSpot Music

Android နဲ့ OS device တွေအတွက် streaming services မှာ mSpot ဟာ အကောင်းဆုံး audio-streaming services ဖြစ်ပါတယ်။ Low-reception နေရာတွေမှာတောင်မှ music playback က အမှားအယွင်းနည်းသလောက်ပါပဲ။ Personalized radio feature တွေကလည်း app ကို အောင်နိုင်သူ ဖြစ်စေပါတယ်။

## 54 HP TouchSmart 610 Quad all-in-one

ဒေါ်လာ ၁,၆၀၀ ကနေစတဲ့ ၂၃ လက်မ touchscreen PC ဟာ ဈေးနှုန်းက မသက်သာပါဘူး။ ဒါပေမဲ့ ကုန်ကျတာနဲ့ ထိုက်တန်တဲ့ အရာတွေတော့ အများကြီးရမှာပါ။ စမ်းသပ်ခဲ့တဲ့ unit မှာ quad-core Intel Core i7 CPU ၊ 1TB storage ၊ 8GB RAM ပါဝင်ပါတယ်။ Touch screen တစ်ခုလုံး လွယ်လွယ်ကူကူ access လုပ်နိုင်အောင် frame တစ်ခုလုံး slide down လုပ်ပေးပါတယ်။

## 55 Asus U31Jg

ဒေါ်လာ ၈၀၀ ဈေးရှိပြီး 2.53GHz Core i3 CPU ၊ 4GB RAM နဲ့ 500GB drive ပါဝင်တဲ့ ပေါ့ပါးတဲ့ U31Jg ဟာ တတ်နိုင်တဲ့စရိတ်နဲ့ ကောင်းမွန်တဲ့ battery life နဲ့ လုပ်ငန်းပိုင်းစွမ်းဆောင်ချက်တွေ ပေးထားပါတယ်။ Multimedia အတွက် အကောင်းဆုံးတော့မဟုတ်ပေမယ့် ultraportable မှာတော့ ထိပ်တန်းကပါ။

## 56 Sony Cyber-shot DSC-HX9V

16X zoom DSC-HX9V ဟာ ဒီနှစ်ရဲ့ feature တွေ အများဆုံးပါဝင်တဲ့ pocket megazoom ဖြစ်ပါတယ်။ In-camera GPS ပါဝင်ပြီး ကောင်းမွန်တဲ့ low-light performance ၊ video quality နဲ့ 3D still-image capture တွေ ပါဝင်ပါတယ်။

## 57 Nikon Coolpix S9100

နောက်ထပ် ကောင်းမွန်တဲ့ pocket megazoom ဖြစ်ပါတယ်။ 18X-zoom Coolpix S9100 နဲ့ fixed-lens camera ပိုင်းကကြည့်ရင် ၂၀၁၁ မှာ အကောင်းဆုံး image quality ရထားပါတယ်။

## 58 Canon PowerShot SX230 HS

Manual control တွေလိုချင်တဲ့သူတွေ အတွက် pocket megazoom ဖြစ်ပါ တယ်။ 14X-optical-zoom SX230 HS ဟာ ပုံအရည်အသွေးပိုင်း၊ အမြန် နှုန်း mode နဲ့ in-camera GPS တွေမှာ အတော်လေး ကောင်းမွန်တာ တွေ့ရပါတယ်။

## 59 Amazon Kindle Touch

၉၉ ဒေါ်လာရှိတဲ့ ad-supported version ဟာ keyboard မပါဝင်ပါဘူး။

Multitouch enabled e-reader ဖြစ်ပြီး လက်ဆောင်ပေးချင်စရာအဖြစ် နာမည်ကျော်ပါတယ်။ Charge တစ်ခါသွင်းရင် battery life က ၂ လခံပါတယ်။

## 60 Razer Blade

ကြီးမားပြီး ၁၇ လက်မကျယ်တဲ့ gaming laptop ဖြစ်ပါတယ်။ တခြား laptop တွေထက် ပိုပါးပြီး ပေါ့ပါးပါတယ်။ Razer က ဒီနေရာမှာ unique ဖြစ်အောင် ပေါင်းစည်းထားတဲ့ အရာတွေက တော့ LCD touchpad ၊ customizable macro button တွေနဲ့ လုပ ပေါ့ပါးတဲ့ package ပဲ ဖြစ်ပါတယ်။

## 61 Canon Pixma MG8220

Wi-Fi enabled Pixma MG8220 ဟာ Android နဲ့ iPhone app တွေကနေ print job တွေကို wirelessly ပို့ပေးနိုင်ပါတယ်။ CD ၊ DVD printing ပေးနိုင်ပြီး photo print တွေအတွက် filter တွေ ထည့်ပေးနိုင်ပါတယ်။ ၃.၅ လက်မ touchscreen LCD ရှိပြီး အကောင်းတကာ့အကောင်းဆုံးကတော့ ဒေါ်လာ ၃၀၀ နဲ့ inkjet multifunction printer တစ်ခုရရှိမှာ ဖြစ်ပါတယ်။

## 62 Epson Artisan 837

နောက်ထပ် ဒေါ်လာ ၃၀၀ MFP လေး လိုချင်ပါသေးလား။ ဒီ model ကတော့ CD ၊ DVD printing နဲ့ cloud printing ပါဝင်ပါတယ်။ ယင်းရဲ့ touch control panel ဟာ Canon Pixma MG8220 ရဲ့ panel လောက်တော့ မဟုတ်ပေမယ့် Artisan 837 ဟာ ကောင်းမွန်တဲ့ photo quality ၊ ဈေးသက်သာတဲ့မင်နဲ့ automatic document feeder တွေပါတဲ့ အတွက် ရမှတ်တွေကောင်းနေပါတယ်။

## 63 Zite Mobile

iOS အတွက် Zite app ဟာ တစ်ပိုင်းက magazine ပုံစံ content aggregator ဖြစ်ပြီး တစ်ပိုင်းကတော့ mind reader



ဖြစ်ပါတယ်။ Social network feed တွေကို scan လုပ်ပြီး အကြိုက်ဆုံး topic တွေကို ပေးနိုင်ပါတယ်။ ရှင်းလင်းပြီး ဖတ်ရလွယ်တဲ့ print-like layout ပုံစံနဲ့ပြသနိုင်တဲ့ display ရှိပါတယ်။

## 64 Trend Micro Mobile Security

Mobile device တွေဟာ computing အလုပ်တွေကို ပိုလုပ်ရလေလေ ပိုပြီး သူတို့ကိုကာကွယ်ဖို့လိုလေလေပါပဲ။ Android device တွေအတွက် ဒီ security program က malware တွေကို scan ဖတ်ပေးပါတယ်။ Phishing attack တွေလည်း ကာကွယ်ပြီး text-and-call blocking တွေလည်း ကောင်းကောင်း ဆောင်ရွက်ပေးနိုင်ပါတယ်။

## 65 Dell Precision M6600 Mobile Workstation

Quad-core Intel Core i7 CPU ဟာ အလေးချိန်နည်းနည်းများပြီး (၉ ပေါင်) ဈေးနှုန်းကလည်း ဒေါ်လာ ၅,၇၀၀ ရှိပါတယ်။ Graphic တွေကောင်းမွန်ပြီး engineering ပိုင်းလည်း ကောင်းတာတွေ့ရပါတယ်။ Best-in-its-class touchscreen လည်း ပါဝင်ပါတယ်။

## 66 Lenovo ThinkPad Tablet

Work oriented ဖြစ်တဲ့ ThinkPad tablet မှာ display ပိုင်း ကောင်းမွန်ပြီး pen input ပါဝင်ပါတယ်။ ပါဝင်ပြီးသား productivity app တွေကိုလည်း လုပ်ငန်းသုံး user တွေအတွက် ထည့်ပေးထားပါတယ်။ Tablet အများစုထက် နည်းနည်းပိုထူပြီး ပိုလေးပါတယ်။ ဒါပေမဲ့ port အတွက် နေရာတွေအများကြီးပေးထားပါတယ်။

## 67 Dolphin HD

Dolphin ဟာ iOS နဲ့ Android ရဲ့ stock browser တွေအတွက် အစားထိုးလောက်ပါတယ်။ ယင်းမှာ tabbed browsing ၊ gesture support နဲ့ mobile browsing တွေ ပါဝင်ပါတယ်။

## 68 M-Audio BX5 D2 Speaker System

M-Audio BX5 D2 set ဟာ စရိတ်နည်းတဲ့ self-powered speaker တွေရဲ့ထိပ်မှာ ရှိပါတယ်။ နေရာလည်း သိပ်မယူဘဲ အမြင့်ဆုံး bass အသံထုတ်ပေးနိုင်ပါတယ်။

## 69 D-Link DHP-1320

ဒီ hybrid product ကတော့ Wi-Fi နဲ့ powerline networks ကို box တစ်ခုထဲမှာ ပေါင်းစပ်ထားတဲ့ ပထမဆုံး product ဖြစ်ပါတယ်။ ထောင့်တွေ အနည်းငယ်ဖြတ်ထားပေမယ့် portable service တွေကို wireless service သေချာ deliver လုပ်နိုင်ပါတယ်။

## 70 Smartr Inbox for Gmail by Xobni

အခုဆိုရင် Xobni ကနေ Outlook user တွေ သဘောကျပြီး တူညီတဲ့စွမ်းဆောင်ချက်တွေ ရနိုင်ပါပြီ။ Gmail အတွက် Smartr Inbox ကနေ email contact info တွေ အသေးစိတ် ထည့်ပေးပါတယ်။ ကိုယ့်ရဲ့ inbox ကိုလည်း facebook ၊ LinkedIn နဲ့ twitter အပါအဝင် communication hub အဖြစ် လုပ်ပေးပါတယ်။

## 71 Casio Exilim EX-H20G

10X-optical-zoom EX-H20G ဟာ ပုံထွက်ကောင်းမွန်ပြီး အကောင်းဆုံး battery life လည်း ရှိပါတယ်။ In-camera GPS feature တွေ ပေးထားပါတယ်။ Mapping feature ၊ points-of-interest database နဲ့ indoor use အတွက် automatic position system တွေ ဖြစ်ပါတယ်။

## 72 Lightbox Photos for Android

Instagram က Android အတွက် မရပါဘူး။ ဒါပေမဲ့ Lightbox Photos က ဒီအပိုင်းကို ကြိုးစားပြီး လုပ်ပေးထားပါတယ်။ ဒီအခမဲ့ရတဲ့ archiving ၊ editing နဲ့ syncing app ဟာ multiple social network တွေကို ပုံတွေ ချက်ချင်း တင်နိုင်အောင် လုပ်ပေးထားပါတယ်။

## 73 Acer Aspire Revo RL100-UR20P

တစ်လက်မအထူရှိတဲ့ Revo RL100 ဟာ ကိုယ့်ရဲ့ဧည့်ခန်းဆောင်အတွက် home theater PC ဖြစ်ပါတယ်။ Bluray drive နဲ့ 750GB onboard storage အပြင် slide-out ၊ light-up keyboard နဲ့ wireless touchpad တွေ ပေးထားပါတယ်။

## 74 Synology DS411slim

သေးငယ်ပြီး မြန်ဆန်တဲ့ ဒေါ်လာ ၃၂၀ တန် two-bay NAS enclosure ဟာ gigabit network ပေါ်မှာ writing speed 45 mbps ရှိပြီး reading speed က 58 mbps ရှိပါတယ်။ Synology ရဲ့ browser-based disk manager station 3.1 operating system ဟာ အကောင်းဆုံး management tool တစ်ခု ဖြစ်ပါတယ်။

## 75 Toshiba Thrive 7"

၇ လက်မရှိတဲ့ dual-core Thrive ရဲ့ 1280×800၊ 225 ppi display ဟာ စာသားတွေကို လှလှပပဖော်ပြပေးနိုင်ပါတယ်။ Expansion လုပ်ချင်တဲ့သူတွေအတွက် သေးငယ်တဲ့ tablet ဖြစ်ပြီး Micro USB ၊ Micro HDMI ports နဲ့ Micro SD slot တွေ board မှာ ပါဝင်ပါတယ်။

## 76 Wacom Bamboo Connect

Wacom ရဲ့ pen-and-pad-like input tablet က ဝယ်ဖို့ ဈေးကြီးလွန်းပါတယ်။ ဒါပေမဲ့ Bamboo connect က ဒေါ်လာ ၈၀ လောက်ပဲ ကျပါတယ်။ ယင်းရဲ့ USB connector က plug-in လုပ်ပြီး laptop နဲ့ desktop မှာ digital hand drawing တွေ ဖန်တီးနိုင်ပါတယ်။

## 77 Casio Tryx

Twistable design က ဒီ camera ကို ထိပ်ရောက်စေပြီး ရိုးရာပုံစံ camera ကို ကိုင်ထားရသလိုပါပဲ။ ကောင်းမွန်တဲ့ low-light ပုံတွေ ရိုက်နိုင်ပါတယ်။ 240 fps high speed mode နဲ့ photo effect တွေလည်း ဖန်တီးနိုင်ပါတယ်။

## 78 Adobe Premiere Pro CS 5.5

GPU-accelerated feature တွေပါဝင်တဲ့ ဒီ Premiere Pro CS 5.5 ဟာ မြန်ဆန်တဲ့ video editor ဖြစ်ပါတယ်။ စမ်းသပ်မှုတွေမှာ hardware အမြန်နှုန်းကို ၇၀ ရာခိုင်နှုန်းလောက်အထိ လျှော့ချထားပါတယ်။

## 79 Garageband for iPad 2

၅ ဒေါ်လာတန် music-making iPad app ဖြစ်တဲ့ garage band ဟာ virtual instrument တွေ play နိုင်ပြီး multitrack သီချင်းတွေကို record လုပ်နိုင်၊ mix လုပ်နိုင်ပါတယ်။ Guitar မှာ adapter နဲ့ plug-in လုပ်ပြီး တကယ့် instrument လို record လုပ်နိုင်ပါတယ်။

## 80 Google apps for business

တစ်နှစ်မှာ user တစ်ယောက်ကို ဒေါ်လာ ၅၀ ကျပါတယ်။ စရိတ်သက်သာဆုံး cloud suite ဖြစ်ပါတယ်။ အခမဲ့ရတဲ့ google app တွေ သုံးပြီး docs တွေကို real time ပြင်ဆင်မှုတွေ၊ share တွေ လုပ်ဖို့လိုတဲ့ install လုပ်ထားတဲ့ တစ်ခုတည်းသော software ကတော့ browser ပဲ ဖြစ်ပါတယ်။

## 81 Micro Express Micro Flex 23B

ပုံမှန် tablet (ဒေါ်လာ ၆၀၀) တွေထက် နည်းနည်းပိုဈေးကြီးပါတယ်။ 3.3GHz Sandy Bridge desktop ဖြစ်ပြီး 4GB RAM ၊ 500GB hard drive ပါဝင်ပါတယ်။ Bluray drive ၊ USB 30 ports နှစ်ခု နဲ့ AMD Radeon HD 6670 graphics card တွေလည်း ပါဝင်ပါတယ်။




## 82 Ubuntu 11.04

Linux ကို hard core geek တွေအတွက် operating system အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် သိထားပါတယ်။ Multitouch-enabled Ubuntu 11.04 ဟာ အံ့သြစရာ newbie-friendly distribution အဖြစ် ပြောင်းလဲလာပါတယ်။




## 83 Android 30 Honeycomb

ဒီ tablet only OS ဟာ ကြီးမားတဲ့ screen တွေ ပါဝင်ပါ တယ်။ User တွေက holographic desktop ကို widget တွေ၊ app တွေကို customize လုပ်နိုင်ပါတယ်။

## 84 Earndit

နောက်ဆုံးမှာတော့ ဒီ service ဟာ Nike+၊ ဒါမှမဟုတ် Fitbit က တစ်ဆင့် track လုပ်ပါတယ်။ User တွေရဲ့ leader board ပေါ်မှာ ကိုယ့်ရဲ့အချက်အလက်တွေကို ဖော်ပြပါတယ်။

## 85 Smartfish Reflex keyboard and Whirl mouse

သီးခြားစီရောင်းတာဖြစ်ပြီး သာမန် input device မဟုတ် ပါဘူး။ Keyboard က ပုံမှန်အနေအထားကနေ နည်းနည်း နေရာရွှေ့ထားပါတယ်။ နေရာအမျိုးမျိုးရွှေ့လို့ရအောင် key တွေကို adjust လုပ်ထားပါတယ်။ Mouse ကတော့ အဆင်ပြေ ဆုံးနေရာမှာ ရှိပါတယ်။

## 86 Jawbone Jambox speaker

Jambox ဟာ သူ့အရွယ်အစားသေးသေးလေးနဲ့ အသံ ပိုင်းမှာ အံ့ဩစရာကောင်းပါတယ်။ Bluetooh ၊ Line-in port ကတစ်ဆင့် phone တွေ၊ PC တွေနဲ့ တခြား device တွေကို wireless ချိတ်ဆက်နိုင်ပါတယ်။

## 87 Facebook/ Facebook Timeline

အမြဲတမ်းပြောင်းလဲနေတဲ့ social-networking ရဲ့ နောက် ဆုံး feature တွေမှာ life-spanning timeline ပါဝင်ပါတယ်။ ဒါ့ပြင် music cover sharing features နဲ့ privacy ပြဿနာ တွေအတွက် batch အသစ်လည်း ပါလာပါတယ်။

## 88 Bins

Document တွေ၊ app တွေကိုထားဖို့ Windows7 ရဲ့ taskbar မှာ လွယ်ကူတဲ့နည်းလမ်းကို ရှာဖွေနေတာလား။ အခုမဲ့ bins tool ဟာ ကိုယ့်ရဲ့ desktop မှာ စိတ်ကြိုက် file တွေကိုထားဖို့ folder like bin တွေ create လုပ်ပေးနိုင်ပါတယ်။

## 89 Sync docs

များများအားထုတ်စရာမလိုဘဲ word file တွေနဲ့ cloud-stored google docs တွေ သိမ်းချင်တယ်ဆိုရင် ဒီ free app ကို စမ်းကြည့်ပါ။ နောက်ကွယ်က အလုပ်လုပ်ပေးပြီး ပြောင်းလဲ မှုတွေအတွက် document တွေကို scan လုပ်ပေးကာ online storage account ပေါ်ကို လက်ရှိ copy တွေကို upload တင်ပေးပါတယ်။

## 90 Box.net

LinkedIn contacts နဲ့ facebook သူငယ်ချင်းတွေကြား ထဲမှာ document တွေကို share လုပ်ခွင့်ပေးတဲ့ free-and-easy app ဖြစ်ပါတယ်။ Sign up လုပ်ရုံနဲ့ 5GB space ရမှာ ဖြစ်ပါတယ်။

## 91 Camera 360

Andrid phone တွေအတွက် default camera app ဖြစ်ပါတယ်။ Free version ဖြစ်တဲ့ Camera 360 မှာ overall image quality တွေ တိုးလာပြီး shoot အပိုင်းလည်း မြန်ဆန်လာပါတယ်။ Image filter တွေ ဖန်တီးဖို့ extensive array လည်း ပါဝင်ပါတယ်။

## 92 CrashPlan

Data တွေအားလုံး backup လုပ်ဖို့ စိတ်လှုပ်ရှားနေတယ်ဆိုရင် ဒီမှာ အကြံကောင်းတစ်ခုရှိပါသေးတယ်။ ကိုယ့်ရဲ့ file တွေကို cloud ပေါ်မှာ back up လုပ်ပေးနိုင်ပါတယ်။ အခမဲ့ရတဲ့ version မဟုတ်ပါဘူး။

## 93 Samsung LTE Mobile Hotspot

Noratel ရဲ့ MiFi ကို ပိုကြိုက်ပေမယ့် ဒီ portable hotspot ကလည်း ကိုယ့်ရဲ့အိတ်ကပ်ထဲ ဝင်ဆံ့ပါတယ်။ Verizon ရဲ့ 4G LTE network မှာ ထည့်ထားပါတယ်။ ကြာရှည်ခံတဲ့ battery life ရှိပြီး MiFi device ထက် ပိုမြန်တဲ့ service ဖြစ်ပါတယ်။

## 94 Gozo In-Flight

Gozo ရဲ့ in-flight Wi-Fi service ဟာ နှစ်အနည်းငယ်ကြာနေပါပြီ။ ဒါပေမဲ့ လေကြောင်းလိုင်းအတွက် ပိုကောင်းဆဲ၊ သုံးဆဲဖြစ်ပါတယ်။ ဒီနေ့ air carrier ၉ ခုနဲ့ ပုဂ္ဂလိကပိုင် လေယာဉ် ၁,၁၆၀ စင်းတို့မှာ ဒီ service ကို coast-to-coast ခရီးစဉ်အတွင်း အသုံးပြုကြပါတယ်။

## 95 Eye-Fi Mobile X2

Mobile X2 storage card ဟာ camera နဲ့ phone ၊ ဒါမှမဟုတ် tablet နဲ့ ကြားထဲက peer-to-peer connection ဖြစ်ပါတယ်။ Mobile devices ထဲကို ပုံတွေချက်ချင်း offload လုပ်နိုင်ပါတယ်။

## 96 Weebly

အခမဲ့ရပြီး မြန်ဆန်တဲ့ webpage ကို လိုချင်တယ် ဆိုရင် Weebly ကို စမ်းကြည့်ပါ။ ဒီ free account ကနေ unlimited storage ၊ e-commerce အတွက် options နဲ့ worldpress-like service ပေါ်က ရှာလို့ရနိုင်တဲ့ image database အတွက် option တွေ ရနိုင်ပါတယ်။

## 97 Maxthon

လူတော်တော်များများက Maxthon browser ကို မကြားဖူးကြပါဘူး။ Webkit နဲ့ trident engine တွေကြားထဲမှာ user တွေကို switch လုပ်ခွင့်ပေးထားပါတယ်။ ဘယ် website ကမှ ဒီ browser နဲ့ compatible မဖြစ်ပါဘူး။

## 98 Sony DEV-5 HD Video Binoculars

ဒီနှစ်ရဲ့အထူးခြားဆုံး binocular set ဖြစ်ပါတယ်။ ငှက်ကြည့်သူတွေနဲ့ အားကစားဝါသနာအိုးတွေအတွက် ဖန်တီးထားပြီး ဒီ binoculars မှာ 1080p video ကို 2D နဲ့ရော 3D နဲ့ပါ record လုပ်နိုင်ပါတယ်။ 7 megapixel image တွေဖမ်းနိုင်ပြီး built-in GPS tracking က တစ်ဆင့် geotagging လည်း လုပ်နိုင်ပါတယ်။

## 99 The $ 99 HP Touch Pad

Performance ပိုင်း နှေးပြီး၊ app တွေ ရွေးချယ်စရာ မှာလည်း ကန့်သတ်ထားကာ ငြီးငွေ့စရာ display ပါရှိတဲ့ WebOS-based touchpad ဟာ ယှဉ်ပြိုင်မှုမှာ ကျရှုံးပေမယ့် ၉၉ ဒေါ်လာဆိုရင်တော့ နှစ်ခုလောက် ဝယ်မိမယ်ထင်ပါတယ်။

## 100 Samsung series 5 Chromebook

Samsung ရဲ့ ပထမမျိုးဆက် Chrome OS laptop ဟာ ဒေါ်လာ ၄၃၀ အတွက် performance ပိုင်းမှာ သိပ်ပြီး မျှော်လင့်လို့မရပေမယ့် သူ့ရဲ့ 'cloud-based laptop' idea ကို သဘောကျပါတယ်။ နောက်ထပ်မျိုးဆက်သစ် Chromebook မှာတော့ ပိုပြီးဈေးသက်သာပြီး သိသိသာသာအသုံးဝင်လာမယ်လို့ မျှော်လင့်ရပါတယ်။ ■

စောကလျာအေး (U.C.S.Y)